
ကောင်းဆုသာစာပေ
mgyoe.com
SAMPLE BOOK

# ချစ်ချစိ
# စကားများတဲ့
# တိကောင်

ဝတ္ထုတိုများ စုစည်းမှု

2025. GRAPHIC DESIGN : KYAW MINN MOUNG


ဒုတိယအကြိမ်



mgyoe.com

mgyoe.com SAMPLE BOOK

နတ်ဆိုးရဲ့ ရယ်သံက
အောက်ဂလီဆန်ဖွယ် ပွင့်အန်လာပါတော့တယ်။
အဲဒီအချိန်မှာ
ညှိုမောင်းမောင်း တိမ်မှိုင်တွေထဲကနေ
မိုးသီးမိုးပေါက်တွေ
ကမ္ဘာမြေကြီးပေါ်ကို
ညာသံပေးပြီး တဝေါဝေါနဲ့
အညိုးတကြီး ခုန်ချနေပါတော့တယ်။
ဒါပေမဲ့...
အာဃာတရှုးတဲ့ နတ်ဆိုးတစ်ကောင်ရဲ့ လက်ညှိုးကြောင့်ဆိုတာ
နိုင်ငံအတွင်းက ဘယ်လူသားမှ မရိပ်မိပါဘူးလေ။



9 758821 956037

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့် ခုနှစ်၊ လ – ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (ပထမအကြိမ်)
–၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (ဒုတိယအကြိမ်)

မျက်နှာဖုံးဒီဇိုင်း – ကျော်မင်းမောင်

ကွန်ပျူတာစာစီနှင့်
စာမျက်နှာ ဖွဲ့စည်းမှုဒီဇိုင်း – ကောင်းဆုသာ ပုံနှိပ်လုပ်ငန်းစု

**ဦးမိုးဇော်ဟိန်း (၀၁၃၃၄)** ၊ **ကောင်းဆုသာ စာပေ** ၊ အမှတ် (၁) ၊ သစ္စာလမ်းနှင့် မိုးကောင်းဘုရားလမ်းထောင့် ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ( မိုးကောင်းမှတ်တိုင်)က ထုတ်ဝေပြီး **ဦးမင်းမင်းဆန်း** ( မြဲ ၀၁၆၈၅)၊ Mother Home ပုံနှိပ်တိုက် ၊ အမှတ် (၂၀၆) ၊ ဗိုလ်ချုပ်လမ်း။ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ပုံနှိပ်သည်။

**အုပ်ရေ – ၁၀၀၀**
**တန်ဖိုး – ၈၀၀၀ ကျပ်**

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| စဉ် | အမည် | စာမျက်နှာ |
|---|---|---|
| ၁။ | နှလုံးသား အော်ပရေးရှင်း | ၇ |
| ၂။ | အကုသိုလ် ရောင်းဝယ်ရေး | ၁၇ |
| ၃။ | မှန် | ၂၅ |
| ၄။ | ဒါဝင် မှားသည် | ၃၉ |
| ၅။ | စကားများတဲ့တီကောင် | ၅၁ |
| ၆။ | မှန်တိုင်းကို မျိုထားတဲ့လူ | ၆၁ |
| ၇။ | နှာရေးကြော်ငြာ | ၆၉ |
| ၈။ | ကမ္ဘာငိုချင်း | ၈၃ |
| ၉။ | နတ်ဆိုးတစ်ကောင်ရဲ့ လက်ညှိုး | ၉၅ |
| ၁၀။ | အငွေ့ပျံသွားတဲ့ မြူမှုန် | ၁၀၇ |
| ၁၁။ | ခေါင်းမပါတဲ့ ပိုးဟပ် | ၁၁၇ |
| ၁၂။ | တစ္ဆေတစ်ကောင်ရဲ့ ညနေ | ၁၂၇ |
| ၁၃။ | မှူးနှောက်နှောက်မြို့တော် | ၁၃၅ |
| ၁၄။ | လိပ်ပြာတစ်ကောင်ရဲ့ဈာပန | ၁၄၇ |
| ၁၅။ | တမန်ကကြိုး | ၁၆၁ |


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# နှလုံးသား အော်ပရေးရှင်း

[တစ်]

နေလုံးနဲ့ကပ်လျက်ရှိတဲ့ ဂြိုဟ်တွေကတော့ ဘယ်လောက်ပူမယ် မသိ။ လူဆိုတဲ့ သတ္တဝါတွေ အုပ်စိုးခြယ်လှယ်နေတဲ့ ပြာလဲ့လဲ့ဂြိုဟ်ကြီးကတော့ နေထွက်လာတာနဲ့ မီးဖိုနားက လက်တွေလို တမြေ့မြေ့ပူလောင်လာတော့တာပါပဲ။ နေရောင်ခြည်ဟာ ဘယ်ဟင်းလင်းပြင်ထဲကနေ သံရည်ပူတွေကို အားပါးတရ သောက်သုံးလာသလဲတော့မသိ။ အလင်းမှုန်ကလေးတွေကအစ ဟည်းဟည်းထအောင် ပူလောင်နေတယ်။ ကမ္ဘာကြီးဟာ နေထွက်လာတာနဲ့ သိပ်ကြောက်ရတဲ့ဖခင်တစ်ယောက်ကို မြင်လိုက်ရသလို တဆတ်ဆတ် တုန်ရီနေလေပြီ။

ဘာလိုလိုနဲ့ 'ကမ္ဘာကြီး ပူနွေးလာပြီ...'ဆိုတဲ့သတင်းက တစ်ကမ္ဘာလုံးမှာရှိတဲ့ သုံးနှစ်သားကလေးတွေနဲ့တောင် အတော်ရင်းနှီးခဲ့တာ ကြာပေါ့။ အဲ့ဒီနေ့က ငါးနှစ်အရွယ် သူ့သားလေးကိုလည်း ကမ္ဘာကြီးပူနွေးလာပြီဆိုတဲ့အကြောင်း ပြောပြမိတော့ သူ့သားက မျက်လုံးကလေး ပေကလပ်၊ ပေကလပ်လုပ်ရင်း ပြန်ပြောသွားတယ်လေ။



mgyoe.com

mgyoe.com SAMPLE BOOK 

"အဲ့ဒါ သားလုပ်တာ မဟုတ်ဘူး ဖေဖေ"တဲ့။

မွေးကတည်းက သူ့သားကို လူလိမ်လူကောက်၊ လူယုတ်မာ မဖြစ်အောင် မှန်ရာကို ပြောရဲတဲ့သတ္တိရှိအောင် သူ သင်ပေးနိုင်ခဲ့ပြီမို့ ပျော်ခဲ့မိပါရဲ့။ ဟုတ်တယ်။ ဒီကမ္ဘာကြီး ပူနွေးအောင် သူ့သားလုပ်တာ မဟုတ်သလို ဒီကမ္ဘာပေါ်က ဘယ်ကလေးသူငယ်ကမှ လုပ်တာလည်း မဟုတ်ဘူး။

ဒါပေမဲ့ ဆက်လက်ပူလောင်လာတော့မယ့် ကမ္ဘာကြီးပေါ်မှာ သူ့သားအပါအဝင် တစ်ကမ္ဘာလုံးက ကလေးသူငယ်တွေရဲ့ ရှင်သန်မှု အတွက် သူ စိတ်ပူနေမိတာတော့ အမှန်ပဲ။

"ကမ္ဘာကြီးရဲ့အချို့နေရာတွေမှာ အိုဇုန်းလွှာပေါက်နေပြီကွ"တဲ့။

သူ့မိတ်ဆွေတစ်ယောက်က ပြောပြန်တယ်။ ဒီတော့ ကမ္ဘာကြီးကို ကယ်တင်ဖို့ သူ စဉ်းစားလိုက်တယ်။ ခက်တာက အိုဇုန်းလွှာ ဆိုတာ ဒန်အိုးတစ်လုံးမှ မဟုတ်ဘဲလေ။ သူ့လက်ထဲက အိုးဖာတဲ့တိပ်နဲ့ ဘယ်အဆင်ပြေပါ့မလဲ။ နောက်ဆုံးတော့ အိုဇုန်းလွှာအစား မီးဖိုခန်း ထဲမှာ ချောင်ထိုးထားတဲ့ ဒန်အိုးပေါက်တွေကိုပဲ စိတ်ရှိလက်ရှိ ဖာထေး ပစ်လိုက်တယ်။

သူ့ဇနီးက ပြုံးလို့ရွှင်လို့။ သူကတော့ ဒန်အိုးပေါက်တွေကို ကြည့်ရင်း အိုဇုန်းလွှာကိုသာ သနားနေမိတယ်။ ပြီးတော့ စွပ်ကျယ် အင်္ကျီကို ချွတ်ပြီး ဝရန်တာမှာ ယပ်ခပ်ရင်း ထိုင်နေလိုက်တော့တယ်။ တဖြူးဖြူးတိုက်နေတဲ့ လေတွေက ပူလိုက်တာ။ တစ်လောကလုံးဟာ ဈူးကလီးယားဗုံးနဲ့ အကြံခံထားရသလိုလို၊ ဒါမှမဟုတ် တဝုန်းဝုန်း ပေါက်ကွဲနေတဲ့ မီးတောင်တစ်ခုရဲ့ ဝါးမျိုးခြင်းကို ခံနေရသလိုလိုပါပဲ။ သြော်... လူတွေလည်း မသေခင် ငရဲကျနေပါရော့လားလို့ မဆီမဆိုင် သူ တွေးနေမိသေးတယ်။ ဘယ်သူတွေကြောင့်ပါလိမ့်။

* * *



mgyoe.com

[နှစ်]

အဲ့ဒီနေ့က ဖေ့စ်ဘွတ်ပေါ်မှာ ကမ္ဘာကြီးရဲ့အဆုပ်လို့ တင်စားခံရတဲ့ အမေဇုန်သစ်တောကြီးရဲ့ မီးဟုန်းဟုန်းတောက်နေတဲ့ ဓာတ်ပုံတွေ ပလူပျံနေတယ်။ ကောင်းကင်ယံမှာလည်း မည်းမှောင်အုံ့မှိုင်းနေတဲ့ မီးခိုးလုံးကြီးတွေက ကမ္ဘာကို ဝါးမြိုတော့မယ့်အလား။ ကမ္ဘာပေါ်မှာ သစ်ပင်ခုတ်ပြီး ချမ်းသာနေသူတွေက သစ်ပင်တွေ မီးလောင်နေတာကို ကူညီဖို့ မေ့နေကြသလားမသိ။ ကမ္ဘာကျော် အဆိုတော်တွေနဲ့ ဘောလုံးသမားတချို့ကတော့ မီးငြိမ်းဖို့ ရေလှူကြသတဲ့။

ခဏနေတော့ တစ်ဆက်တည်းဆိုသလို ဖေ့စ်ဘွတ်ပေါ်ကနေ ဖွဲကပင်တောင်တစ်ဝိုက် မီးလောင်ခဲ့တဲ့ပုံတွေနဲ့ ရန်ကုန်က အမှိုက်ပုံကြီး မီးလောင်ခဲ့ပုံတွေလည်း ပြန်ပေါ်လာပြန်တယ်။ ဓာတ်ပုံတွေကို လိုက်ကြည့်ရင်း သူ့နှာခေါင်းထဲမှာတောင် မီးခိုးနံ့တွေ မွှန်ထူလာသလိုပဲ။ မျက်လုံးတွေလည်း မီးခိုးမှိုင်းရိုက်လို့ မျက်ရည်ကြည်တချို့ တွဲလွဲခိုနေသလို ခံစားနေရတယ်။ တစ်အောင့်ကြာတော့ စက်ရုံ၊ အလုပ်ရုံတွေကနေ ညို့မှိုင်းမှိုင်း မီးခိုးတွေကို တဖူးဖူးမှုတ်ထုတ်နေတဲ့ မီးခိုးခေါင်းတိုင်ကြီးတွေကိုပါ စိတ်ထဲ မြင်ယောင်လာမိပြန်ရော။ 'ခက်တော့… ခက်နေပြီကွာ'လို့ သူ တွေးမိတယ်။ အဲ့ဒီနေ့က ဖေ့စ်ဘွတ်သုံးတာ အဆင်မပြေ။ မွန်းကြပ်လာသလိုပဲ။

သူ ဖေ့စ်ဘွတ်ကိုပိတ်ပြီး ပုဂ္ဂလိကသတင်းစာ တစ်စောင်ကို ယူဖတ်လိုက်တယ်။ တွေ့လိုက်ပါလေရဲ့၊ လူသတ်မှုသတင်း၊ သက်ငယ် မုဒိမ်းသတင်း၊ အမှု ထင်ရှားပေမဲ့ တရားခံ လွတ်မြောက်နေဆဲသတင်း၊ နိုင်ငံရေးသတင်း၊ အသေခံဖုံးခွဲမှုသတင်း။ ဖတ်ရင်းဖတ်ရင်း သူ့နှလုံးနေရာက အောင့်၊အောင့်လာသမို့ သတင်းစာကို ခဏချထားလိုက်ရတယ်။ ပြီးတော့ ဘယ်ဘက်ရင်အုံကို လက်နဲ့ အသာဖိရင်း ခဏလေး ငြိမ်နေလိုက်ရပြန်တယ်။ အခြေအနေကို ရိပ်စားမိတဲ့ သူ့ဇနီး



mgyoe.com

mgyoe.com SAMPLE BOOK 

ကတော့ ပြောတာပါပဲ။

"အဲ့ဒါ နှလုံးရောဂါ ဖြစ်ချင်နေတာ"တဲ့။ သူ သက်ပြင်းသာ ချနေလိုက်တော့တယ်။ နေ့လယ်ခင်းကျတော့ သူထိုင်နေကျ ပူအိုက်လောင်မြိုက်နေတဲ့ ခပ်ကျဉ်းကျဉ်းလက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ သူ့မိတ်ဆွေတစ်ယောက်နဲ့ စကားပြောနေမိတယ်။ သူ့မိတ်ဆွေက မထင်မှတ်ဘဲ စကားတစ်ခွန်း ဆိုလိုက်လေရဲ့။

"မင်းကြားပြီးပြီလား ငချစ်။ အထက်မြန်မာပြည်နဲ့ ပဲခူးရိုးမ ကတောင်တွေကို လူ့အန္တတစ်စုက ကတုံး လိုက်တုံးနေတယ်တဲ့ကွ"

"ဟုတ်လား။ ဘာဖြစ်လို့လဲ"

"မီသားစုသချိုင်း ဆောက်မလို့ဆိုပဲ"

"ဟာကွာ။ မင်းဟာကလည်း ဟုတ်ရော ဟုတ်လို့လား"

သူ့မိတ်ဆွေစကားက အဆန်းကြီးမို့ သူ သိပ်မယုံရဲ။

"ဟုတ်မဟုတ်တော့ မသိဘူး ကိုယ့်လူ။ လောလောဆယ်တော့ တောင်တွေ ကတုံးဖြစ်နေတာက သက်သေပဲ"

"ဒီလူတွေကွာ... တော်တော်မိုက်တာပဲ။ သေရင် လူတစ်ယောက်အတွက် ခေါင်းအစ ခြေအဆုံးပေါင်းမှ မြေကလေး ခြောက်ပေနီးပါးပဲ လိုတာလေ။ သူတို့ ဒီလောက်လေးတောင် မသိဘူးလား။ အလကား လူ့အန္တတွေ"

သူ့စိတ်တွေ ညစ်ထွေးမှိုင်းဝေ လာပြန်တယ်။ မနက်ကတည်းက သတင်းဆိုးတွေ မြင်တွေ့ကြားသိခဲ့ရလို့ သူ့နှလုံးက အောင့်နေခဲ့တာ။ အခု သက်သာမယ်ရှိသေး လူ့အန္တတစ်စုရဲ့ လူမဆန်တဲ့ လုပ်ရပ်တွေကို ထပ်သိခဲ့ရပြန်ပြီ။ နှလုံးဟာ တဆစ်ဆစ်နဲ့ ပြန်အောင့်လာသမို့ လက်နဲ့ အသာဖိထားလိုက်ရတယ်။ ဒါကို သူ့မိတ်ဆွေက မြင်တော့။

"ငချစ်... မင်းကြည့်ရတာ နှလုံးမကောင်းတော့ဘူး ထင်တယ်"


mgyoe.com

mgyoe.com

"ဟုတ်လောက်တယ်။ ငါ အခုတစ်လော နှလုံးက ခဏခဏ အောင့်နေတယ်။ အသက်ရှုလည်း သိပ်မဝဘူး"

"အဲ့ဒါ မပေါ့နဲ့ကိုယ့်လူ။ သေချာသွားအောင် ဆေးရုံမှာ နှလုံးအထူးကုနဲ့ ပြကြည့်ဦး"

သူ့မိတ်ဆွေပြောတာကို ခေါင်းတဆတ်ဆတ်ညိတ်ရင်း စဉ်းစားနေမိတယ်။ သူ့ဇနီးကလည်း သူ့ကို ဆေးရုံပြဖို့ပြောနေတာကြာပြီ မဟုတ်လား။ သူကသာ ဟိုအကြောင်းပြ၊ ဒီအကြောင်းပြနဲ့ လှည့်ပတ်နေတာလေ။

* * *

[သုံး]

မှတ်မှတ်ရရ ရာသီဥတုတွေဖောက်ပြန်တဲ့နေ့က သူ ရန်ကုန်ကို ဆေးရုံပြဖို့ ရောက်လာခဲ့တယ်။ ရန်ကုန်ဟာ သူ မရောက်ဖြစ်တော့တဲ့ ကာလများစွာအတွင်း အပူလှိုင်းတွေကို အားပါးတရသောက်သုံးထားပုံပဲ။ ရန်ကုန်ဟာ အိုးကင်းပူအတိုက်ခံထားရတဲ့ အသားတုံးတစ်တုံးလို အခိုးတလူလူနဲ့ ပူလောင်နေတယ်။ ရန်ကုန်ကိုကြည့်ပြီး သူ အသက်ရှုကြပ်လာမိတာ အမှန်ပဲ။

ပုဂ္ဂလိကအထူးကု ဆေးရုံကြီးထဲကို ရောက်တော့ ပိုက်ဆံချမ်းသာတဲ့သူတွေ ဆေးရုံတက်နေတာကို တွေ့လိုက်ရတယ်။ ထူးဆန်းတာက လူနာအများစုဟာ နှလုံးအထူးကုဘက်မှာ ပိုများနေသလိုပဲ။ ဒီထက် ပိုပြီးထူးဆန်းတာက လူနာတိုင်းလိုလိုဟာ နှလုံးနေရာကို ပတ်တီးစည်းထားကြတယ် ဆိုတာပါပဲ။ သူလည်း ဘွတ်ကင်ယူပြီး ဆရာဝန်အခေါ်ကို စောင့်နေလိုက်တယ်။ တစ်အောင့်ကြာတော့ ခွဲခန်းဘက်ကနေ လူနာတွန်းစင်တစ်ခု ထွက်လာတယ်။ တွန်းစင်ပေါ်မှာတော့


mgyoe.com

mgyoe.com SAMPLE BOOK 

မေ့မျောနေတဲ့ လူနာတစ်ယောက်။ အဲ့ဒီလူနာမှာလည်း နှလုံးနေရာကို ပတ်တီးစည်းထားတာ တွေ့လိုက်ရတော့ သူအံ့သြသွားတာအမှန်။

ခဏနေတော့ သူ့အလှည့် ရောက်လာခဲ့တယ်။ ဆရာဝန်က နားကြပ်ကလေးတပ်ပြီး သူ့ကို ဟိုစမ်းဒီစမ်း လုပ်တယ်။ သွေးပေါင်တိုင်းတယ်။ ပြီးတော့ သူ့နှလုံးနေရာကို လက်သုံးချောင်းနဲ့ အသာစမ်းပြီး နှလုံးခုန်မှုကို မျက်လွှာချရင်း စမ်းသပ်နေပြန်တယ်။ ခဏနေတော့ သူ့ကို နှလုံးနဲ့ပတ်သက်ပြီး ဘာတွေအဖြစ်များနေသလဲ မေးတယ်။ သူကလည်း ခဏခဏ အောင့်နေကြောင်း ပြန်ပြောပြလိုက်တယ်။ ဆရာဝန်က ခေါင်းကို ခပ်ဆိုင်းဆိုင်းလေး ညိတ်ရင်း...

"ခင်ဗျားနှလုံးကို ကျွန်တော် မသင်္ကာဘူး။ ပိုပြီး တိကျအောင် အန်ဂျီအိုဂရမ် ရိုက်ကြည့်ရမယ်"လို့ ပြောလာပါတယ်။

"အန်ဂျီအိုဂရမ် ဟုတ်လားဆရာ။ အဲ့ဒါဘာကို ပြောတာလဲ ဟင်"

သူ လုံးဝမကြားဖူးတဲ့အဓိပ္ပာယ်မို့ အနည်းငယ် သွေးပျက်သလို ဖြစ်သွားမိတာ အမှန်ပါပဲ။

"အန်ဂျီအိုဂရမ်ဆိုတာ နှလုံးရဲ့အတွင်းသားတွေနဲ့ သွေးလှည့်ပတ်မှုကို သေသေချာချာမြင်အောင် လုပ်တဲ့အရာပါ။ အရင်ကတော့ ကျွန်တော်တို့နိုင်ငံမှာ မရဘူးဗျ။ ဘန်ကောက်မှာ သွားရိုက်ရတာ။ အခုတော့ ကျွန်တော်တို့ဆေးရုံမှာ ရနေပါပြီ"

သူ သက်ပြင်းကို ငွေ့ငွေ့သာ ချနိုင်တော့တယ်။ ဘာလုပ်ရမလဲ မသိ။ ဇနီးသည်ကို လှည့်ကြည့်လိုက်တော့ ဇနီးသည်က ခေါင်းကလေး ညိတ်ပြတယ်။

"ဟုတ်ကဲ့ အန်ဂျီအိုဂရမ်ရိုက်မယ် ဆရာ"

အဲ့ဒီနောက်တော့ အထူးကုဆရာဝန်ရဲ့ စေခိုင်းချက်အတိုင်း တစ်သဝေမတိမ်း လိုက်လုပ်ပစ်လိုက်တယ်။ ရလဒ်ကတော့ နောက်

 mgyoe.com

သုံးရက်နေမှ သိရမှာမို့ ပြန်လာခဲ့ရတော့တာပဲ့။ ဒါတောင် ဆရာဝန်က အခုကတည်းက ဆေးရုံတက်ချင်တက်ပါလို့ ပြောနေသေးရဲ့။ သူခေါင်း ရမ်းပြခဲ့လိုက်တယ်။

ဆေးရုံထဲကထွက်တော့ အပူလှိုင်းတွေက ဆီးကြိုနေတယ်။ နေမင်းက ပြုံးဖြီးဖြီးနဲ့။ ပိုက်ဆံရှိ လူတန်းစားတွေရဲ့ ဖိမ်ခံပစ္စည်းတွေကနေ တစိမ့်စိမ့်ယိုထွက်နေတဲ့ ကလိုရိုဖလူရိုကာဗွန်ဓာတ်ငွေ့တွေက ရန်ကုန်ကို တမြွှေမြွှေဝါးမျိုနေတာ ရင်နာစရာတော့ ကောင်းသား။ ရန်ကုန်ထက်စာရင် တောတွေပြုန်းနေတဲ့ ပဲခူးရိုးမပေါ်မှာ ယပ်ခပ်နေရတာ ပိုတောင်ကောင်းသေးတယ်လို့ သူဘာသာတွေးရင်း ပြုံးမိသွားသေးတယ်။

* * *

[လေး]

သိပ္ပံနည်းပညာတွေ ပေါက်ကွဲလာတဲ့ခေတ်မှာ ကမ္ဘာကြီးလည်း ချောက်ချားလာတော့တယ်။ လောင်စာတွေကိုလည်း အတွင်းအူကလီစာတွေလို မတရား ထုတ်ရောင်းခံနေရတယ်။ ကမ္ဘာကြီးဟာ နေအိမ်အကျယ်ချုပ်မိတဲ့ လူတစ်ယောက်လို ဂြိုဟ်တုတွေရဲ့ စောင့်ကြည့်ခြင်းကို (၂၄) နာရီ ခံနေရတယ်။ ကမ္ဘာကြီးရဲ့အဆုတ်ဖြစ်တဲ့ သစ်ပင်တွေဟာ ရောဂါပိုး အတွယ်ခံရသလို ပြုန်းတီးလာတော့တယ်။ ကမ္ဘာကြီးဟာ ဖန်ပေါင်းချောင်ထဲက ယုန်ငယ်တစ်ကောင်လို ဖန်လုံအိမ် အာနိသင်ထဲမှာ အသက်မျှော့မျှော့သာ ကျန်တော့တယ်။ ကမ္ဘာကြီးဟာ သားဆိုးမိခင်တစ်ယောက်လို နေ့စဉ် မျက်ရည်နဲ့မျက်ခွက်။

"လူတွေမှာ အသိ မရှိတော့ဘူးလား။ ခံစား၊ စာနာ၊ နားလည်ပေးတတ်တဲ့ နှလုံးသားတွေ မရှိတော့ဘူးလား"လို့ သူ အမြဲတွေးနေမိ

mgyoe.com SAMPLE BOOK 

တယ်။ ဒါပေသိ ဒီကမ္ဘာကြီးမှာ သိပ္ပံနည်းပညာက နေ့ချင်းညချင်း တိုးတက်လာသလို ပိုက်ဆံကလည်း အာဏာရလာတယ်လေ။ လူတွေရဲ့နှလုံးသားကိုလည်း လောဘဇောတွေက စိစိညက်ညက်ကြေအောင် အမှုန့်ကြိတ်ပစ်လိုက်ကြတယ်။ သူလည်း ချာချာလည်နေတဲ့ အတွေးတွေနဲ့ ဆေးရုံထဲ ပြန်ရောက်လာတယ်။ ဒီကနေ့ အနန်ဂျီအိုဂရမ်ရဲ့ ရလဒ်ကို သိရတော့မှာ မဟုတ်လား။

ဆရာဝန်က သူ့ဆေးစစ်ချက်တွေကိုကြည့်ပြီး ခပ်ထွေထွေ ခေါင်းခါလိုက်တယ်။

"အခြေအနေ မကောင်းဘူး ကိုယ့်လူ။ ခင်ဗျားနှလုံးဟာ အခုခေတ်အခြေအနေနဲ့ မကိုက်ညီတဲ့ရောဂါ ရနေတယ်။ ဒီအတိုင်းထားရင် ခင်ဗျား သေသွားလိမ့်မယ်"

"ဒါ... ဒါဆို ဘယ်လိုလုပ်ရမလဲ ဆရာ"

သူ့အသံတွေ တဆတ်ဆတ် တုန်နေပြီ။ သူ့ဘေးက ဇနီးသည်လည်း ခပ်ယဲ့ယဲ့သာ ကျန်တော့ပုံပဲ။

"သိပ်လည်း မစိုးရိမ်ပါနဲ့ဗျာ။ လွယ်ပါတယ်။ ခင်ဗျားနှလုံးကို ဖြုတ်ထုတ်လိုက်ရုံပါပဲ"

"ဗျာ... နှလုံးကို ဖြုတ်ထုတ်ပစ်မယ် ဟုတ်လား။ ကြည့်လည်း ပြောပါဦး ဆရာရယ်။ နှလုံးမရှိရင် သေသွားမှာပေါ့ဗျ"

သူ့စကားကြားတော့ ဆရာဝန်က ဘာကို သဘောပေါက်တယ် မသိ။ ခပ်ပြုံးပြုံးရယ်လျက်။

"မသေပါဘူးဗျာ။ ဒီခေတ်ကြီးမှာ နှလုံးသားမရှိဘဲ ရှင်သန်နေတဲ့လူတွေ အများကြီးဗျ။ တချို့လူချမ်းသာကြီးတွေ၊ အာဏာရှင်ကြီးတွေဆိုရင် သူတို့နှလုံးသားကို တမင်တောင် လာထုတ်ပစ်နေကြသေးတယ်။ နှလုံးသားရှိရင် စီးပွားရှာရတာ၊ နိုင်ငံရေးဗျူဟာ ခင်းရတာတွေမှာ အနှောင့်အယှက် ဖြစ်လို့တဲ့ဗျာ"

 mgyoe.com

"မဆိုင်တာ ဆရာရယ်"

သူ ဆရာဝန်ကို ချက်ချင်းပဲ ပြန်ငြင်းပစ်လိုက်တယ်။

"ဆိုင်တာပေါ့ ကိုယ့်လူရာ။ နှလုံးသားဆိုတာ အရာရာကို ခံစားပေးတတ်တယ်။ စာနာနားလည်ပေးတတ်တယ်။ မျှဝေခံစားပေးတတ်တယ်။ ကိုယ်ချင်းစာပေးတတ်တယ်လေ။ ဒီတော့ ကိုယ်ကျိုးရဖို့ စီးပွားနဲ့ အာဏာကို အရူးအမူး ရှာနေသူတွေအတွက်တော့ ဒီနှလုံးသားဟာ အနှောင့်အယှက်ပဲ။ ဟော... နှလုံးသားမရှိတော့ဘူးဆိုရင် လူဟာ ကိုယ်ကျိုးအတွက် ဘာမဆို လုပ်ရဲသွားပြီ။ ငရဲလည်း မကြောက်တော့ဘူး။ တစ်ပါးသူကို ဖျက်ဆီးရမှာလည်း ဝန်မလေးတော့ဘူး။ ယုတ်စွအဆုံး ဗျာ... ကိုယ်ချမ်းသာဖို့အတွက်ဆိုရင် ဒီကမ္ဘာကြီးကို ဖျက်ဆီးပစ်ဖို့လည်း ဝန်မလေးတော့ဘူးပေါ့"

"ဒါပေမဲ့ ဆရာရယ်... လူမှာ နှလုံးသားမရှိတော့ရင် လူယုတ်မာတွေ ဖြစ်ကုန်တော့မှာပေါ့"

"ဘာဗျ။ နှလုံးသားမရှိရင် လူယုတ်မာဖြစ်သွားမယ် ဟုတ်လား။ သွားတော့ဗျာ။ ခင်ဗျားထွက်သွားတော့။ ကျုပ် ခင်ဗျားကို ဆေးမကုပေးတော့ဘူး။ ခင်ဗျားဘာသာခင်ဗျား သေချင် သေ။ ကျုပ်နဲ့ မဆိုင်ဘူး"

ဆရာဝန် ဘာဖြစ်သွားတယ် မသိ။ သူ့ကို အတင်း အော်ထုတ်ပစ်နေတယ်။ သူပြောတာ ဘာမှားသွားသလဲ သူ ပြန်စဉ်းစားကြည့်မိတယ်။ မတွေ့။

"ကျွန်... ကျွန်တော် ဘာမှားသွားလို့လဲ ဆရာရယ်"

ဆရာဝန်က သူ့ကို မျက်ထောင့်နီကြီးနဲ့ စူးစိုက်ကြည့်လိုက်တယ်။ အဲယားကွန်းဆေးရုံကြီးထဲမှာ ဆရာဝန်ရဲ့မျက်လုံးတွေဟာ အခိုးတွေ တလူလူ ထွက်နေလေရဲ့။

"မှားတာပေါ့။ ခင်ဗျားက ကျုပ်ကိုပါ တိုက်ရိုက်စော်ကားသွား

တယ်လေ”

“ဘယ်မှာ စော်ကားမိလို့လဲ ဆရာရယ်”

ဆရာဝန်က ချက်ချင်းဆိုသလို သူ့ဂျူတီကုတ်ကို ဆွဲချွတ်ပစ်လိုက်တယ်။ ပြီးတော့ ရှပ်အင်္ကျီလက်ရှည်ကို ဖြန်းခနဲ ဆွဲခွာပစ်လိုက်ပြန်တယ်။ အင်္ကျီကြယ်သီးတွေကတော့ လွှားခနဲ ခုန်ပျံလွင့်စင်ကုန်တာပေါ့။

“ဒီမှာလေ။ ကျုပ်မှာလည်း နှလုံးသား မရှိဘူး။ ကျုပ် ဒီအထူးကုဆေးရုံမှာ အလုပ် လာလုပ်ကတည်းက ကျုပ်နှလုံးကို ထုတ်ပစ်ထားတာဗျ”

ဆရာဝန်က သူ့ဘယ်ဘက်ရင်အုံကို ကော့ပြတော့ သူလည်း သေချာ စူးစိုက်မိလိုက်တယ်။ ဟုတ်တာပေါ့။ ဆရာဝန်ရဲ့ရင်ဘတ်မှာ ချုပ်ရာအကြီးကြီးရယ်။

သူလည်း သူ့ဇနီးသည်ကို လက်ကဆွဲရင်း ခပ်မြန်မြန်ပဲ ဆေးရုံထဲက ပြေးထွက်လာခဲ့လိုက်တော့တယ်။ ဒါတောင် ဆေးရုံဝမှာ နှလုံးထုတ်ထားပြီး ပတ်တီးစည်းထားတဲ့ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်နဲ့ ဝင်တိုက်ခဲ့မိလိုက်သေးတယ်။

ဆေးရုံအပြင်မှာတော့ တောပြုန်းတောင်ပြုန်းမှုတွေကြောင့် ကမ္ဘာကြီးက ပူနွေးဆဲ။ အိုးဇုန်းလွှာက ပေါက်ဆဲ။ သစ်ပင်တွေက မှောင်ခို အခုတ်ခံရဆဲ။ သဘာဝသယံဇာတတွေ အလွန်အကျွံ အထုတ်ခံရဆဲ။ သက်ငယ်မုဒိမ်းနဲ့ လူသတ်မှုတွေက ဖြစ်ဆဲ။ မူးယစ်ဆေးဝါးဖြန့်ဖြူးမှုက ရှိနေဆဲပါပဲ။ ဒါတွေကို ဘယ်သူတွေက ဦးဆောင်လုပ်နေသလဲတော့ မသိ။ သေချာတာကတော့ နှလုံးသားရှိတဲ့ လူကောင်းသူကောင်းတွေ လုပ်တာတော့ မဖြစ်နိုင်...။ ။

❑



mgyoe.com

mgyoe.com SAMPLE BOOK

# အကူသိုလ် ရောင်းဝယ်ရေး

(က)

"အကုသိုလ်တစ်ကီလို ဒေါ်လာသုံးသိန်းအထိ မြင့်တက်လာ" ဆိုတဲ့ စာလုံးအမည်း ခပ်ကြီးကြီးနဲ့ ရေးထားတဲ့ စီးပွားရေးဂျာနယ် တစ်စောင်ရဲ့ ခေါင်းကြီးပိုင်းကို မြင်လိုက်ကြတဲ့အခါ တစ်နိုင်ငံလုံးက လူတွေ လှုပ်လှုပ်ရွရွ ဖြစ်သွားတော့တယ်။ တချို့က မျက်ကလူးဆန်ပျာ ဖြစ်သွားသလို တချို့ကလည်း မဖြစ်နိုင်ပါဘူးကွာဆိုပြီး ဂျာနယ်ကို ပစ်ချထားလိုက်ကြတယ်။ ဒါပေမဲ့ ဒီသတင်းက အဲ့ဒီမှာတင် မရပ်ဘူး။ နောက်ရက်တွေမှာလည်း ရှိရှိသမျှ သတင်းစာ၊ ဂျာနယ်တိုင်း လိုလိုမှာ ဆက်တိုက်ဆိုသလို ပါလာပြန်ရုံသာမက တီဗွီချန်နယ်လိုင်း တိုင်းမှာလည်း နာရီဝက်ခြားတစ်ခါ ဖော်ပြလာပြန်တယ်။

အဲ့ဒီနောက်တော့ အကုသိုလ်ဈေးကွက် မြင့်တက်လာတဲ့ သတင်းဟာ တစ်နိုင်ငံလုံးကို ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့သွားတော့တယ်။ အွန်လိုင်းပေါ်မှာလည်း ဒီသတင်း၊ ဂျာနယ်သတင်းစာတွေမှာလည်း



mgyoe.com

mgyoe.com SAMPLE BOOK 

ဒီသတင်း၊ တီဗွီချန်နယ်တွေမှာလည်း ဒီသတင်း၊ လက်ဖက်ရည်ဆိုင်မှာလည်း ဒီသတင်း၊ အရက်ဆိုင်မှာလည်း ဒီသတင်း၊ ကေတီဗွီနဲ့မာဆတ်တွေမှာလည်း ဒီသတင်း။ ဒီသတင်းဟာ တစ်နိုင်ငံလုံးကို ဖန်လုံအိမ်အာနိသင်လို လွှမ်းခြုံထားတော့တယ်။

ဒီသတင်းဟာ လူတွေကြားမှာ တစ်ယောက်ပါးစပ်ကနေ တစ်ယောက်နားထဲကို မြွေတစ်ကောင်လို တိုးလျှိုးဝင်ရောက်နေတယ်။ တချို့ကတော့ ဒီသတင်းကြောင့် ပျော်နေကြတယ်။ တချို့ကျတော့ ရင်ကလေးဖိပြီး ဘုရားတနေကြတယ်။ ဘာပဲပြောပြော ဒီသတင်းဟာ ရက်အနည်းငယ်အတွင်း တစ်နိုင်ငံလုံးကို ဗိုင်းရပ်စ်ပိုးတွေလို ပျံ့နှံ့သွားတာကတော့ အသေအချာပဲ။ ဒီသတင်းဟာ ယုံချင်စရာ မကောင်းပေမဲ့ အဲ့ဒီနေ့ကစပြီး တစ်နိုင်ငံလုံးက လူအများစုဟာ အကုသိုလ်ရရာရကြောင်း အလုပ်တွေကိုသာ ရွေးလုပ်လာကြတော့တယ်။

* * *

(ခ)

တချို့တီဗွီချန်နယ်တွေကလည်း ကျွမ်းကျင် စီးပွားရေးပညာရှင်တွေကို ဖိတ်ခေါ်ပြီး အင်တာဗျူးတွေ လုပ်ကြပြန်တယ်။ အင်တာဗျူးပေါ်က စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ လေ့လာသုံးသပ်ချက်တွေကတော့ အစုံပါပဲ။ အဲ့ဒီထဲကမှ မွေးကတည်းက ဗွက်မနင်းဖူးတဲ့ သူဌေးကြီးတစ်ဦးက ဒီလိုသုံးသပ်ပြန်ပါတယ်။

ဒီနိုင်ငံမှာ စီးပွားရေးဟာ ရာစုနှစ်တစ်ဝက်ကျော်ကျော် နောက်ကျနေပြီဖြစ်ကြောင်း၊ နိုင်ငံအတွင်းမှာ ခုတ်လှဲရောင်းချစရာ သစ်ပင်



mgyoe.com

m gyoe .com SAMPLE BOOK

တွေ မျိုးသုဉ်းကုန်ပြီဖြစ်ကြောင်း၊ တောင်တွေကို တူးဖော်ပြီး ရောင်းချစရာ သဘာဝတွင်းထွက်ပစ္စည်းတွေနဲ့ ရတနာတွေ မရှိတော့ကြောင်း၊ တောကောင်တွေ မျိုးသုဉ်းသတ်ဖြတ်ရောင်းချပြီးပြီဖြစ်ကြောင်း၊ လူကုန်ကူးနဲ့ မူးယစ်ဆေးဝါးမှောင်ခိုဈေးကွက်လည်း ကမ္ဘာ့အဆင့်မီတဲ့အထိ အင်မတန်တွင်ကျယ်သွားပြီဖြစ်ကြောင်း အဲ့ဒီအတွက် စီးပွားရေးကို နောက်တစ်နည်းနဲ့ ကမ္ဘာ့အဆင့်မီအောင် အခြားနိုင်ငံတွေ မလုပ်ရသေးတဲ့ အကုသိုလ်ရောင်းဝယ်ရေးစနစ်တစ်ခုကို အဖန်ဖန်သုံးသပ်ပြီး ချမှတ်လိုက်ကြောင်း၊ ဒီစီးပွားရေးဟာ ကမ္ဘာမှာ တော်ရုံအသိတရားရှိသူတွေ မလုပ်ရဲတဲ့စီးပွားရေးမို့ အခုလို ဈေးကွက်မြင့်သွားကြောင်း ပြောပြသွားပါတယ်။

နောက်ထပ် လူငယ်တွေကြား လေကြီးမိုးကြီးတွေပြောပြီး အောင်မြင်နေတဲ့ လူငယ်သူဌေးတစ်ယောက်ကလည်း သုံးသပ်သွားပြန်ပါတယ်။ (တကယ်တော့ သူလည်း မွေးကတည်းက မိဘပိုက်ဆံနဲ့ လူချမ်းသာဖြစ်ခဲ့သလို အလုပ်ကြမ်းဆိုလို့ ကိုယ့်ပုဆိုးတောင် ကိုယ်မလျှော်ဖူးတဲ့သူ တစ်ယောက်ပါ။) အခုလို ကမ္ဘာပေါ်မှာ ဘယ်သူမှ မလုပ်ရသေးတဲ့ အကုသိုလ်ရောင်းဝယ်ရေး စီးပွားရေးပရောဂျက်ကြီးကို အပြည့်အဝ ထောက်ခံကြောင်း၊ သူ့အနေနဲ့ မအားလပ်တဲ့ကြားကနေ ပြည်သူတွေ လိုအပ်လာရင် လူငယ်ပီပီ ဒီစီးပွားရေးလုပ်မယ့် အဖွဲ့အစည်းကြီးမှာ ဥက္ကဋ္ဌရာထူးနဲ့ ထမ်းရွက်ဖို့ အသင့်ရှိကြောင်း၊ ဒီနိုင်ငံရဲ့လုပ်ကွက်တွေကြောင့် သူဟာ လူချမ်းသာဖြစ်ခဲ့ရသမို့ ဒီနိုင်ငံကို သူသိပ်ချစ်ကြောင်း၊ ဆွစ်ဇာလန်ဘဏ်မှာ ငွေတွေအပ်ပြီး နိုင်ငံခြားမှာ အပန်းဖြေအိမ်ရာတွေ ဝယ်ထားပေမဲ့ သူဒီနိုင်ငံမှာ ပျော်သလောက်နေ ထိုင်ပြီး နိုင်ငံအကျိုးကို ထမ်းဆောင်ချင်သေးကြောင်း ပြောပြသွားပြန်

mgyoe.com SAMPLE BOOK 

ပါတယ်။

အဲ့ဒီအချိန်ကစပြီး ဒီအင်တာဗျူးရှိတဲ့ တီဗွီချန်နယ်ဟာ တခြားချန်နယ်တွေထက် လူကြိုက်များလာခဲ့ပြန်တယ်။ ဘဝမှာ ကျိုကျိုတက်ချမ်းသာချင်တဲ့လူတွေကလည်း ငွေရဖို့အတွက်နဲ့ ကိုယ်ကျိုးစီးပွားရှာဖို့အတွက် အကုသိုလ်ရမယ့် လမ်းစဉ်တွေကို အပတ်တကုတ်လေ့လာပါတော့တယ်။ ယောကျ်ားမိန်းမမရွေး လူငယ်တွေ၊ လူလတ်ပိုင်းတွေနဲ့ လူကြီးပိုင်းတချို့ဟာ အကုသိုလ်ရမယ့် အလုပ်တွေကိုသာ ကြိုးကြိုးစားစား ရှာဖွေလာပါတော့တယ်။

အချို့သော စီးပွားရေးအကွက်မြင်တဲ့သူတွေကလည်း အကုသိုလ် ရှာဖွေနည်း ရက်တိုသင်တန်းတို့၊ သုံးလပြတ်သင်တန်းတို့၊ အွန်လိုင်းသင်တန်းတို့ ဖွင့်ကြပြန်ပါတယ်။ တချို့ကလည်း အကုသိုလ်အလွယ်ရှာနည်း ပညာဒါနသင်တန်းကျောင်းတွေကို နယ်တကာလှည့်ပြီး ဖွင့်ပေးကြပြန်ရော။ ဒါပေမဲ့ အကုသိုလ်စီးပွားရေးကုမ္ပဏီတချို့က အလုပ်ခန့်တဲ့အခါ စာတီဖီကိတ်တွေ၊ အကုသိုလ်အတွေ့အကြုံ လုပ်သက်တွေနဲ့ စိစစ်ရွေးချယ်ကြတော့ တစ်နိုင်ငံလုံးက ဘွဲ့ရတဲ့လူတိုင်းအလုပ်မရကြပြန်ဘူး။

ဒါပေမဲ့ နိုင်ငံအတွင်းက လူအတော်များများကတော့ စားဝတ်နေရေး အဆင်ပြေဖို့နဲ့ နိုင်ငံကျော်သူဌေးကြီးတွေလို ချမ်းချမ်းသာသာနေနိုင်ဖို့အတွက် တတ်နိုင်သလောက် မျှော်မှန်းရင်း ကိုယ်တတ်ကျွမ်းတဲ့တစ်နိုင်အကုသိုလ်တွေနဲ့ စီးပွားရှာနေကြရတုန်းပါပဲ။ ဘာပဲဖြစ်ဖြစ်ဒီနိုင်ငံလေးအတွင်းမှာ နေ့ချင်းညချင်းဆိုသလို အကုသိုလ်နည်းနဲ့စီးပွားရှာသူတွေ သိသိသာသာ ချမ်းသာလာပေမဲ့ အကုသိုလ် မရှာ


mgyoe.com

တတ်တဲ့လူတွေကတော့ စီးပွားရေးဟာ ချက်ချင်းကြီး မတိုးတက်ခဲ့ပါဘူး။

* * *

(၈)

"မချမ်းသာချင်နေပဟေ့။ အကုသိုလ်နဲ့တော့ စီးပွားမရှာဘူး" ဆိုတဲ့ လူတွေလည်း ရှိပါတယ်။ သူတို့ကတော့ "လျှာပေါ် မြက်ပေါက်ချင် ပေါက်ပါစေ၊ မကောင်းမှုနဲ့တော့ အသက်မမွေးဘူးဟေ့"ဆိုတဲ့ အာဂလူတွေပေါ့။

သူတို့ကိုကြည့်လိုက်ရင် ရိုးရိုးကုပ်ကုပ်ရယ်။ မျက်နှာတွေကတော့ သိသိသာသာ အေးချမ်းနေတာ အမှန်။ သူတို့တွေဟာ အများအားဖြင့် ချမ်းသာခြင်းအစစ်ကိုရှာဖို့ အမြဲလိုလို ဘုရားသွား၊ ကျောင်းတက် ပြုလုပ်ပြီး တရားဘာဝနာ အားထုတ်နေကြတာ များပါတယ်။ သူတို့အတွက် အကုသိုလ်စီးပွားရေးဟာ မစင်တစ်ပုံလို ရွံ့ဖွယ်ကောင်းနေသလိုပဲ။

"ဒီခေတ်ကြီးမှာ ချမ်းသာချင်ရင် ဘာမဆိုလုပ်ရဲမှ ဖြစ်မှာကွ။ သံသရာဆိုတာ ခဏထား။ လက်ရှိဒီဘဝမှာ ငွေကြေးပြည့်စုံဖို့ အရေးကြီးတယ်။ အဲ့ဒီအတွက် အကုသိုလ်တွေ ရောင်းဝယ်ဖောက်ကားရမယ်ဆိုလည်း လုပ်မှာပဲ"

သံမဏိစိတ်ဓာတ်နဲ့ အကုသိုလ်တွေကို တစိုက်မတ်မတ်လုပ်ဖို့ ကြံရွယ်နေသူတွေလည်း ဒုနဲ့ဒေး။ ဘာပဲပြောပြော ဒီနိုင်ငံလေးထဲမှာ

mgyoe.com SAMPLE BOOK 

အကုသိုလ်လုပ်တဲ့သူတွေ အတော်များလာတာတော့ အမှန်ပဲ။ အကုသိုလ် ဈေးကွက်ဟာလည်း ချက်ချင်းကြီး ထောင်တက်သွားတာကိုး။ တချို့ ကတော့ ကိုယ့်ကိုယ်ကိုယ် လိမ်လည်တတ်ကြပြန်တယ်။

"အခုတော့ ရတဲ့နည်းနဲ့ စီးပွားရှာဦးမယ်ကွာ။ နောက်ပိုင်း ငွေကြေးချမ်းသာလာမှ ကုသိုလ်နည်းနည်း လုပ်လိုက်ကြတာပေါ့"တဲ့။

အဲဒီလိုနဲ့ တစ်နိုင်ငံလုံးမှာ အကုသိုလ်နဲ့ စီးပွားရှာသူတွေဟာ မှိုလိုပေါက်လာခဲ့တယ်။ တချို့တွေဆို နေ့ချင်းညချင်း ကျိုကျိုတက် ချမ်းသာသွားကြသလို တချို့တွေလည်း ငွေကြေးတင့်တောင့်တင့် တယ်နဲ့ အဆင်ပြေပြေ နေနိုင်လာခဲ့တယ်။ ဒါပေသိ အကုသိုလ်နဲ့ စီးပွားမရှာဘဲ အေးအေးလူလူ သမ္မာအာဇီဝကျကျ စီးပွားရှာသူတွေက တော့ ဘဝမှာ သိသိသာသာ မြန်မြန်ဆန်ဆန် မချမ်းသာလာပါဘူး။ သူတို့ဟာ ဖြည်းဖြည်းချင်းပဲ ချမ်းသာလာပါတော့တယ်။

ဒီအဖြစ်အပျက်ကိုကြည့်ပြီး ထင်ရှားတဲ့နိုင်ငံကျော် စီးပွား ရေးလုပ်ငန်းရှင်ကြီးတစ်ဦးက သူ့ရဲ့ဖေ့စ်ဘွတ်စာမျက်နှာပေါ်ကနေ အဆိုတစ်ခု ဖော်ပြလိုက်လေရဲ့။

"ဘဝကို ရိုးရိုးသားသား ကြိုးစားနေသူတွေဟာ လူညံ့လူပိန်း တွေပဲ။ ဒီနိုင်ငံဟာ ကိုယ်ကျိုးရှာတဲ့သူတွေ ကျင်လည်နေတဲ့ နိုင်ငံပါ။ ဒါကို အများအကျိုးလို့ ကြွေးကြော်နေရင်တော့ အဲ့လူဟာ အရူးပဲ။ ကျုပ်ကတော့ ရှင်းတယ်။ ကျုပ်လုပ်နိုင်တဲ့ကာလအတွင်းမှာ ဒီနိုင်ငံ ကနေ ဘာမဆို ထုတ်ရောင်းပစ်လိုက်တယ်။ အခု အများသူငါ ဆင်းရဲ နေချိန်မှာ ကျုပ် ချမ်းသာတယ်။ ကျုပ်ဟာ အကုသိုလ်စီးပွားရေးရဲ့ စွန့်ဦးတီထွင်သူပဲ"တဲ့။

အဲ့ဒီလူရဲ့ပို့စ်အောက်ကနေ လိုက်ခ်တွေဟာ 4.5k ကျော်သွား

mgyoe.com

သလို သဘောကျကြောင်း ကွန်မန့်တွေဟာလည်း ဖတ်မနိုင်အောင် များပြားလာတယ်။ တချို့တွေဆို သဘောကျလွန်းလို့ မှူဝေသွားကြပြန်ရော။

ဒီလိုနည်းနဲ့ နိုင်ငံအတွင်းကလူတွေ တော်တော်များများဟာ သမ္မာအာဇီဝကျတဲ့ ကုသိုလ်အလုပ်ထက် အကုသိုလ်အလုပ်ကို ပိုပြီး အာရုံကျသွားပါတော့တယ်။

* * *

(ဃ)

အချိန်ကြာလာတာနဲ့အမျှ အကုသိုလ်ဈေးကွက်ဟာ ဒီနိုင်ငံမှာ ပိုမိုတွင်ကျယ်လာတော့တယ်။ အကုသိုလ် ရောင်းဈေးကလည်း တစ်ကီလိုကို ဒေါ်လာသုံးသိန်းကနေ ဒေါ်လာငါးသိန်းအထိ တိုးလာခဲ့တယ်။ လူတွေဟာ စားဝတ်နေရေး အဆင်ပြေဖို့အတွက် အငတ်မနေနိုင်တဲ့အဆုံး အကုသိုလ်ကို ရှာဖွေလာကြတော့တယ်။ တချို့သူဌေးတွေကတော့ အကုသိုလ်ရဲ့အရသာကို ဘယ်လိုသဘောကျသွားသလဲမသိ။ အကုသိုလ်နဲ့စီးပွားမရှာရရင် မနေနိုင်ဖြစ်လာခဲ့တယ်။

ပိုပြီး အခြေအနေဆိုးလာတာက အကုသိုလ်နဲ့ ချမ်းသာလာသူတွေဟာ ငွေဂုဏ်မောက်ပြီး ထင်တိုင်းကြဲလာကြသလို တချို့ကလည်း အကုသိုလ်နဲ့ ရှာထားတဲ့ ငွေတွေကိုသုံးပြီး နိုင်ငံ့ရဲ့အာဏာကိုပါ သိမ်းကြုံးယူဖို့ ပြင်ဆင်လာတော့တာပဲ။ အခုဆိုရင် အကုသိုလ်နဲ့ စီးပွားရှာသူတွေဟာ တစ်နိုင်ငံလုံးမှာ ဘက်တီးရီးယားပိုးတွေလို့ ရှုစိတက်ပျံ့နှံ့နေလေပြီ။ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ တရားစီရင်ရေး၊ ပညာ

mgyoe.com SAMPLE BOOK 

ရေး၊ အားကစားရေး စသဖြင့် နေရာတိုင်းမှာပေါ့။

အကုသိုလ်စီးပွားရေးကို သဘောမကျတဲ့ လူနည်းစုကတော့ တရားဘာဝနာ ကျင့်ကြံအားထုတ်ဖို့သာ ပြင်ဆင်နေကြပါတယ်။ ဒါတောင် အကုသိုလ်စီးပွားရေးသမားတချို့က လူအထင်ကြီးခံရအောင် တရားရှာသယောင် ဟန်ပြင်နေကြတာက ရှိသေး။ ဘာပဲပြောပြော လက်ရှိအချိန်ထိတော့ ဒီနိုင်ငံမှာ အကုသိုလ်လုပ်သူတွေ များပြားနေတုန်းပဲ။ အကုသိုလ်ဈေးကွက်ကလည်း တစ်နေ့တခြား မြင့်တက်လာတုန်းပါပဲ။ သမ္မာအာဇီဝကျကျ စီးပွားရှာဖွေရေးကတော့ ဈေးကွက်ပျက်ဖို့ သိပ်မကြာတော့ဘူး ထင်ပါရဲ့။ ။

❑



mgyoe.com

mgyoe.com SAMPLE BOOK

# မှန်

[ ၁ ]

အဲ့ဒီနေ့က ကျွန်တော် ဘာမှအဆင်မပြေဘူး။ အလုပ်ထဲမှာလည်း အထက်လူကြီးနဲ့ အဆင်မပြေဘူး။ ကျွန်တော့်ချစ်သူဆိုတဲ့အမျိုးသမီးနဲ့လည်း အဆင်မပြေဘူး။ စိတ်ပေါက်ပေါက်နဲ့ အိမ်ပြန်လာတော့ နေပူကျဲတဲမှာ မိုးက ရုတ်တရက် ခပ်ဖွဲဖွဲ ရွာချတယ်။ ထောင်းခနဲထွက်သွားတဲ့ ဒေါသနဲ့ မိုးကို မော့ကြည့်တော့ မိုးစက်တွေက ကျွန်တော့်မျက်မှန်ပေါ် ခုန်ဆင်းလာတော့တယ်။

"တောက်… ဒီမိုးကလည်း လူတွေနဲ့ ဘာမှမခြားဘူး။ အားနေရင် ဖောက်ပြန်ဖို့ပဲ ကြိုးစားတယ်။ တော်တော် ကြောက်ဖို့ကောင်းတဲ့လောက"

မိုးရွာနေပြီမို့ ပွစိပွစိပြောရင်း ခပ်မြန်မြန်ပဲ အိမ်ကို လျှောက်လာခဲ့မိတယ်။ ဒါပေမဲ့ အိမ်မရောက်။ လမ်းထိပ်နားက သောက်နေကျလက်ဖက်ရည်ဆိုင်ရှေ့ရောက်တော့ ကျွန်တော့်မိတ်ဆွေ ကဗျာဆရာက


mgyoe.com

လှမ်းခေါ်သမို့ ကျွန်တော့်ခြေထောက်တွေဟာ လက်ဖက်ရည်ဆိုင်ထဲ ထိုးဆင်းသွားတော့တယ်။ ဆိုင်ထဲရောက်တဲ့အချိန်မှာ မိုးက ပိုတောင် ရွာချလာသေး။

"မင်းကြားပြီးပြီလား"

လက်ဖက်ရည်ကြမ်းကို ငှဲ့နေတုန်း မိတ်ဆွေ ကဗျာဆရာက မေးတယ်။ တကယ်တော့ မေးပုံကလည်း ထောင့်မကျိုးဘူး။ ဘယ့်နှယ် အရင်းမရှိ၊ အဖျားမရှိ မေးခွန်းကြီးရယ်။ ကျွန်တော်လည်း မိတ်ဆွေ ကဗျာဆရာကို ပြန်ကလော်ချလိုက်မိပါရဲ့။

"ဘာလဲ။ မင်းနမ လင်နောက်လိုက်တဲ့ ကိစ္စလား"

"ဟာကွာ။ မဟုတ်ရပါဘူး"

"မသိဘူးလေကွာ။ မင်းက အရင်းမရှိ၊ အဖျားမရှိ မေးတာ ကိုး။ ကဲပြော... ဒါဆို ဘာလဲ"

"ဘာလဲ... မလုပ်နဲ့။ မင်းတို့လမ်းထဲက ဖဲသမား အောင်ကျော် ပေါ့။ (၆) နှစ်အရွယ် သူ့တူမလေးကို အဓမ္မကျင့်ဖို့ ကြိုးစားတာလေ။ ကံကောင်းလို့ ရပ်ကွက်ထဲကလူတွေ အချိန်မီကယ်နိုင်ခဲ့လို့ပေါ့ကွာ"

ကြားရတဲ့သတင်းက နားထဲကို ရဲရဲတောက်နေတဲ့ သံပူတစ် ချောင်းနဲ့ တစ်ဆုံး ထိုးသွင်းခံလိုက်ရတဲ့ အတိုင်းပဲ။ အပူလှိုင်းတွေလည်း တစ်ကိုယ်လုံး ဖြာဆင်းသွားသလို လက်သီးလည်း အလိုလို ဆုပ်မိ သွားလေရဲ့။

"တောက်... မိုက်ရိုင်းလိုက်တဲ့ကောင်ကွာ။ ခွေးလောက်တောင် သောက်ဆင့်မရှိတဲ့ မုဒိမ်းကောင်။ အခု အဲ့ကောင် ဘယ်မလဲ"

ကျွန်တော့်အသံက အနည်းငယ် ကျယ်လောင်သွားတယ် ထင့်။ လက်ဖက်ရည်ဆိုင်ထဲကလူတွေဟာ ကျွန်တော့်ကို မသိမသာ ကွက်ကြည့်သွားကြလေရဲ့။ ဂရုမစိုက်အား။

"တိုးတိုးလုပ်ပါကွာ။ အခု အဲ့ကောင်ကို ရပ်ကွက်ထဲကလူတွေ



mgyoe.com

m gy

ဝိုင်းရိုက်ပြီး ရဲစခန်းပို့လိုက်ပြီတဲ့"

"ဟာ... ဘာလို့ရဲစခန်းပို့တာလဲ။ အသေသတ်ပစ်ရမှာ။ လောကမှာ သက်ငယ်မုဒိမ်း ကျူးလွန်တဲ့ကောင်တွေဟာ အယုတ်ပဲ့ဆုံး တိရစ္ဆာန်ပဲ။ ဒီလိုတဏှာရူးတွေကို အရှင်မထားသင့်ဘူး။ အလကား... ကလေးတွေအတွက် အန္တရာယ်ကြိုဟ်ဆိုးတွေ။ တောက်..."

ကျွန်တော့်စိတ်တွေ ဘယ်လို ဖြစ်လာမှန်းမသိ။ အခုလို သက်ငယ်မုဒိမ်းကိစ္စတွေကို ကြားလိုက်ရတိုင်း ကျူးလွန်သူကို သတ်ချင်စိတ်တွေ တဖွားဖွား ပေါ်လာမိတတ်တယ်။ ဒီစိတ်ကို ဘယ်လိုမှလည်း ထိန်းမရ။ ဖြစ်နိုင်ရင် ဒီလိုကောင်တွေကို မသေခင် နာနာကျင်ကျင် နှိပ်စက်ပြီးမှ သတ်ပစ်ချင်တယ်။ ဒါမှ လောကရဲ့ အစုတ်ပဲ့ဆုံး အလုပ်ကို လုပ်သူတွေ တမြေ့မြေ့ခံစားရမှာ မဟုတ်လား။

အဲ့ဒီနေ့က မိုးမတိတ်သေးပေမဲ့ လက်ဖက်ရည်ဆိုင်ကနေ ထပြန် လာခဲ့တယ်။ မိတ်ဆွေ ကဗျာဆရာကတော့ ကျွန်တော့်ရဲ့ ရှူးရှူးရှဲရှဲဖြစ်သွားပုံကိုကြည့်ပြီး မအူမလည် ကျန်ခဲ့မှာ အသေအချာပဲ။ ရင်ထဲမှာ ဘာရယ်ကြောင့်မသိ။ သက်ငယ်မုဒိမ်းကျူးလွန်ခံခဲ့ရတဲ့ ကလေးသူငယ်တွေအတွက် မိုးနဲ့အတူ ငိုနေမိတယ်။ ပြီးတော့... ရင်ထဲမှာ ကြိတ်ပြီး ကျိန်ဆဲခဲ့မိသေးတယ်။

"သက်ငယ်မုဒိမ်းကောင်တွေ အသေဆိုးနဲ့သေပါစေ..."

* * *

[ ၂ ]

"ဖဲသမားအောင်ကျော်... အချုပ်ခန်းထဲမှာ သေသွားပြီ။ လူသတ်တရားခံက ဘယ်သူမှန်း မသိဘူး"

နေလုံးရဲ့ကိုယ်ရောင်ကိုယ်ဝါတွေနဲ့အတူ ဖဲသမားအောင်ကျော်


mgyipoe.com

mgyoe.com SAMPLE BOOK 

ရဲ့အသုဘာသတင်းက ရပ်ကွက်ကလေးကို လွှမ်းခြုံသွားတော့တယ်။ ကျွန်တော်လည်း ဒီသတင်းကိုကြားတော့ အံ့သြသွားပါသေးတယ်။ နောက်မှ လောကကို ညစ်ပတ်အောင်လုပ်တဲ့ကောင်သေတာ ကောင်းတယ်ဆိုပြီး တွေးပစ်လိုက်တယ်။ ဒီအတွေးဟာ ကျွန်တော် လူမဆန်မှန်း သိပါတယ်။ ဒါပေသိ ကျွန်တော့်စိတ်က မုဒိမ်းကောင်ဆို ရွံမုန်းနေတာ ထိန်းရခက်တယ်။

ထုံးစံအတိုင်း မနက်အလုပ်သွားရင်း လမ်းထိပ်ကလက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်ဝင်သောက်တော့ ဆိုင်ထဲက လူတွေဟာ ကျွန်တော့်ကို မသိမသာ ငဲ့ကြည့်နေကြလေရဲ့။ ပထမတော့ ကျွန်တော်လည်း သတိမထားမိဘူး။ ဆိုင်ကို အရင်ရောက်နေတဲ့ မိတ်ဆွေကဗျာဆရာကပါ ကျွန်တော့်ကို ခပ်လန့်လန့်ပုံစံနဲ့ကြည့်မှ ကျွန်တော် သတိထားမိသွားတယ်။ ဒါနဲ့ လက်ဖက်ရည်ဆိုင်ထဲကို တစ်ချက် ဝေ့ဝဲကြည့်လိုက်တဲ့အခါ ဆိုင်ထဲကလူတွေအားလုံး ဝရုန်းသုန်းကား မျက်နှာလွှဲသွားကြပါတော့တယ်။

"ဒီနေ့... လူတွေကိုကြည့်ရတာ တစ်မျိုးပဲ။ အားလုံး ငါ့ကို ခိုးကြည့်နေကြတယ်။ မင်းပုံစံကလည်း ငါ့ကို လန့်နေသလိုပဲ။ ဘာဖြစ်နေကြတာလဲ... ပြော"

မိတ်ဆွေကဗျာဆရာက ကျွန်တော်မေးလိုက်တော့ ဇက်ကလေး ပုသွားတယ်။ ဒါပေမဲ့ ဘာမှတော့ ပြန်မပြော။

"ဟေ့ကောင်။ မင်းနဲ့ငါက သူငယ်ချင်း အရင်းကြီးပါ။ မင်းတို့တွေအားလုံး မူပျက်နေတာ ငါသိတယ်။ ပြောစမ်းပါကွာ"

"မနေ့က အချုပ်ခန်းထဲရောက်သွားတဲ့ မုဒိမ်းကောင် အောင်ကျော် သေပြီကွ"



mgyoe.com

ဟောဗျာ။ ပြောပုံကလည်း ဘာမှမဆိုင်ဘူး။ မေးတာက တခြား၊ ဖြေတာက တလွဲ။

"အေး... သိတယ်လေ။ မနက်အစောကြီးကတည်းက ပျံ့နေတဲ့ သတင်းပဲဟာ။ ဒီလိုကောင်သေတာ ဘာဆန်းလို့လဲ"

ကျွန်တော့်စကားကြားတော့ မိတ်ဆွေကဗျာဆရာက မျက်လုံးလှန်ကြည့်တယ်။

"သေတာက မဆန်းဘူးကွ။ သေတဲ့နေရာက ဆန်းတာ။ အောင်ကျော်သေတာက အချုပ်ခန်းထဲမှာတဲ့။ အစောင့်ရဲတွေ ပြောပုံကတော့ လူသတ်သမားလည်း ရဲစခန်းကို မလာဘူးဆိုပဲ။ အချုပ်ခန်းထဲမှာလည်း ဘာမှ ခြေရာလက်ရာ မပျက်ဘူးတဲ့။ ဒါပေမဲ့ အောင်ကျော်က လည်ပင်းအညှစ်ခံရပြီး သေတာကွ။ လည်ပင်းနေရာက ညိုညစ်နေပြီး မျက်စိလည်း အပြူးသားကြီး"

"ဟ... လည်ပင်းအညှစ်ခံရမှတော့ လူသတ်သမား ဝင်လာလို့ပေါ့ကွ။ အချုပ်ခန်းထဲကို တခြားအပေါက်က ဝင်လာတာရော မဖြစ်နိုင်ဘူးလား။ ဒါမှမဟုတ် မုဒိမ်းကောင်တွေကို မုန်းနေတဲ့ ရဲတစ်ယောက်ယောက် သတ်တာရော မဖြစ်နိုင်ဘူးလား"

ဟုတ်တယ်။ အဖြေက ဒီနှစ်ခုပဲ ရှိတာကိုး။ ရှင်းနေတာကို လာရှုပ်နေသေးတယ်။

"ဟာကွာ။ ရဲတွေက ဘယ်လိုလုပ် သတ်မလဲ။ ပြီးတော့ ညက အားလုံးကင်းစောင့်ရင်း စကားပြောနေကြတာတဲ့ကွ။ အချုပ်ခန်းထဲက စီစီတီဗွီကို ပြန်ကြည့်တော့လည်း ည (၁၂) နာရီကျော်တော့ ရုတ်တရက် စပေါ့တွေထပြီး ပျက်သွားတယ်တဲ့"

ကျွန်တော်လည်း ရှားလော့ခ်ဟုန်း မဟုတ်လေတော့ ဒီလူ

သတ်မှုကို ဆက်မစဉ်းစားတတ်တော့ဘူး။ မိတ်ဆွေကဗျာဆရာကို ကလော်ဖို့သာ ပြင်လိုက်တော့တယ်။

"ဒါဆို သရဲသတ်တာ နေမှာပေါ့ကွာ"

"အေး... အဲ့ဒါပဲ။ လူတွေမင်းကို ဝိုင်းကြည့်နေတာလလည်း အဲ့ကိစ္စပဲ"

ဗုဒ္ဓေါ...။ ကျွန်တော် ဘုရားသာ တ,မိပါတော့တယ်။

"ဘာ... ဘာဆိုင်လို့လဲကွ"

"ဆိုင်တာပေါ့။ မင်း မနေ့က မုဒိမ်းကောင် အောင်ကျော်ကို သေအောင် ကျိန်ဆဲတယ်လေ။ အခု ဒီမနက် တကယ် သေသွားပြီ။ အဲ့တော့ လူတွေက မင်းကို ဝမ်းတွင်းစုန်းလို့ ထင်နေကြတယ်။ တချို့ကတော့ သရဲမွေးပြီး ပုဏ္ဏကတိုက်တယ်လို့ ယုံနေတယ်"

မိတ်ဆွေကဗျာဆရာရဲ့စကားကြောင့် ကျွန်တော့်မျက်လုံးတွေ စုံလိုက် ပြူးထွက်သွားတော့တယ်။

"ဘာကွ... စဉ်းစဉ်းစားစားလည်း ပြောကြစမ်းပါကွာ"

ကျွန်တော့်အသံက လက်ဖက်ရည်ဆိုင်တစ်ဆိုင်လုံးကို ဝါးမြို သွားတယ် ထင်ပါရဲ့။ လူတွေအားလုံး ကျွန်တော့်ကို ဝိုင်းကြည့်နေကြတော့တယ်။ နောက်ဆုံး အသားတွေ တဆတ်ဆတ် တုန်လာသမို့ ဆိုင်ထဲက အမြန်ထွက်ခဲ့လိုက်တော့တယ်။

အပြင်မှာတော့ နေက ချစ်ချစ်တောက်ပူဆဲ။ ကျွန်တော့် အတွေးတွေလည်း ဆီပွက်သလို တပွက်ပွက် ဆူနေဆဲ။ အမှန်တော့ ဒေါင်ချာစိုင်းနေတဲ့ အတွေးတွေက ရုံးရောက်တဲ့အထိ မပြေ။ နောက်ဆုံးတော့ အသက်ကို ဝဝရှူပြီး အာရုံပြောင်းဖို့ ကြိုးစားလိုက်တယ်။ ဘေးလွယ်အိတ်ထဲကနေ ဖုန်းကိုထုတ်ပြီး ဖေ့စ်ဘွတ် ထိုင်သုံးနေလိုက်တော့ ခုနက အတွေးတွေဟာ ခဏတာ ငြိမ်းသွားပါတယ်။

ဒါပေသိ မထင်မှတ်ထားတဲ့ ပို့စ်တစ်ခုကြောင့် စိတ်ဟာ လှိုင်း


mgyoe.com

mgyi SAMPLE BOOK

ပြန်ထန်လာလေရဲ့။

အသက် (၁၁) နှစ်အရွယ် မိန်းကလေးတစ်ဦးအား အသက် (၄၇) နှစ်အရွယ် တစ်ရွာတည်းနေသူ ဦးဘိုးမြိုင်မှ အဓမ္မပြုကျင့်သတ်ဖြတ်။ သက်သေခံပစ္စည်းများ သိမ်းဆည်းရမိသော်လည်း တရားခံမှာ လွတ်မြောက်နေဆဲ”တဲ့။

အဲ့ဒီပို့စ်ကိုမြင်တဲ့အခါ ကျွန်တော့်နှလုံးသားဟာ အက်ဆစ်နဲ့အပက်ခံရသလို စုတ်ပြတ်နာကျင်သွားပြန်တယ်။ လောကကြီးဟာ လူယုတ်မာတွေကြောင့် အတော်ကို ညစ်ပတ်သွားပြီပဲ။ ငယ်ငယ်ရွယ်ရွယ်နဲ့ အဓမ္မအကျင့်ခံနေရတဲ့ သမီးငယ်လေးတွေအတွက် ရင်နာလိုက်တာ။ ဘယ်လို အောက်တန်းစားစိတ်ဓာတ်တွေနဲ့ အရွယ်မရောက်သေးတဲ့ ကလေးတွေကို ရက်စက်ကြတာလဲ။ သားသမီးချင်း ကိုယ်ချင်းမစာကြတော့ဘူးလား။ မိဘချင်း မသနားကြတော့ဘူးလား။ တဏှာရာဂကို ဖြေဖျောက်ဖို့ တော်တော်ခက်နေလို့လား။ ဘာကြောင့် အရွယ်မရောက်သေးတဲ့ သမီးငယ်လေးတွေကိုမှ ပစ်မှတ်ထားနေကြတာလဲ။

ကျွန်တော့်ရင်ထဲမှာ မေးခွန်းများစွာဟာ မီးတောင်တစ်ခုလို တဝုန်းဝုန်း ပေါက်ကွဲ လျှံကျလာပါတော့တယ်။ မခံရက်နိုင်တဲ့အဆုံး ဖုန်းကိုပိတ်ပြီး ဘုရားစာတွေသာ ရွတ်နေလိုက်ရပါတော့တယ်။ ခဏကြာတော့ ရုံးထဲမှာ ဝန်ထမ်းတွေနဲ့ စည်ကားလာပါတယ်။ အဲ့ဒီနေ့က အဲယားကွန်းခန်းထဲမှာ ချွေးပြန်နေတာ ကျွန်တော် တစ်ယောက်တည်းသာ ရှိမယ်ထင်ပါ့။

* * *

[ ၃ ]

ဒီကနေ့တော့ ရုံးပိတ်ရက်မို့ အေးအေးလူလူ အိပ်ပစ်လိုက်


mgyoe.com

mgyoe.com SAMPLE BOOK 

တယ်။ အိပ်ရာကနိုးတော့ မနက်(၉)နာရီ ထိုးနေပြီ။ အိပ်ရာထဲမှာ အပျင်းကြောဆန့်၊ လူးလှိမ့်ရင်း ဘေးနားကဖုန်းကို ယူကြည့်လိုက်မိတယ်။ အကျင့်သားရနေတဲ့လက်က ဖုန်းကိုယူလိုက်တာနဲ့ ဖေ့စ်ဘွတ်ကို ဖွင့်ပြီးသား။ မိုဘိုင်းဖုန်းတွေ ပေါ်လာကတည်းက လူတွေ အကျင့်ပျက်ကုန်တာလား။ ဒါမှမဟုတ် လူတွေရဲ့အကျင့်ပျက်မှုတွေကပဲ မိုဘိုင်းဖုန်းပေါ်မှာ သွားစုကုန်တာလား။ သေချာတော့ မသိ။ မျက်စိနှစ်ဖက်ပွင့်တာနဲ့ ဘုရားကို သတိမရ။ ဖုန်းကို သတိရသွားတယ်။ ချစ်ရသူဆီက စာတိုလေးတွေကို သတိရသွားတယ်။ ဒီနိုင်ငံမှာ ကျွန်တော့်လို ဖုန်းရူးတွေ ဘယ်နှယောက်လောက် ရှိနေမလဲတော့ ကျွန်တော်လည်း မသိ။

ကျွန်တော်သိတာက ဖေ့စ်ဘွတ်ပေါ်မှာ ဘာတွေများ သတင်းထူးသလဲ ဆိုတာပဲ။ တစ်ခါတလေတော့ သတင်းထက် အတင်းကများလာတာလည်း ကြုံဖူးပါတယ်။ ကိစ္စတော့ သိပ်မရှိ။ ဘာပဲသိသိ ဦးနှောက်နဲ့စဉ်းစားပြီး ချင့်ချိန်ယုံပေါ့။ ကျွန်တော်ကတော့ ဖေ့စ်ဘွတ်သုံးတိုင်း အဲ့ဒီသီအိုရီကို ကျင့်သုံးတယ်။ အခုလည်း အဲ့ဒီစိတ်နဲ့ပဲ ဖေ့စ်ဘွတ်ဖွင့်လိုက်တာပါ။ မျက်နှာတော့ မသစ်ရသေးဘူးပေါ့။

အရင်ဆုံးဖတ်တွေ့ရတာက နာမည်ကျနေတဲ့ မော်လ်ဒယ်မတစ်ယောက်ရဲ့ အဖော်အချွတ်ပုံတွေ ပေါ်လာတယ်။ သူ့ကိုယ်သူ လှတယ်ထင်ပြီး အကုန်ချွတ်ရိုက်ထားတဲ့ပုံတွေပေါ့။ ခန္ဓာကိုယ်က အပူမိထားတဲ့ ဖယောင်းခဲလို ပျော်ကျနေပေမဲ့ တဏှာ အသားပေးပို့စ်တွေနဲ့ ထိန်းထားတာ အံ့သြစရာ။ ဒီမိန်းမတွေကြောင့် တဏှာရေစီးဟာ အရှိန်ပိုပြင်းလာတာ ထင်ပါရဲ့။

ဖေ့စ်ဘွတ်ပို့စ်တွေကို အောက်ဘက်ဆက်ဆွဲကြည့်တဲ့အခါ

mgyoe.com

မြန်မာမိန်းကလေးတွေ ချစ်စရာအမူအရာလေးတွေနဲ့ ပဲပေးဟန်ထုတ်နေတာ တွေ့လိုက်ရပြန်တယ်။ တချို့များဆို မင်းသမီးတွေအတိုင်း ခန္ဓာကိုယ်ကို မုန့်ကြိုးလိမ်သဏ္ဍာန် လိမ်ဖည်လိမ်ဖည်လုပ်ပြီး ဓာတ်ပုံရိုက်တင်ထားတာ ရယ်စရာ။ သေချာကြည့်တော့ တဏှာမီးအတွက် လောင်စာတွေလား ထင်မှတ်မှားလောက်ပါရဲ့။

တွေ့ပါသေးတယ်။ အချို့ယောကျ်ားတွေများ ဓာတ်ပုံရိုက်တာ ဆက်ဆီကျကျ ရိုက်တယ်ဆိုပဲ။ တင်ထားတဲ့ဓာတ်ပုံတွေက ယောကျ်ားလိင်ကျွန်တွေ အတိုင်း။ ကြည့်ရင်းကြည့်ရင်း ကျွန်တော့်စိတ်တွေ နောက်ကျိလာပါတယ်။ နောက်တော့ ဖေ့စ်ဘွတ်ပို့စ်တွေကို ခပ်မြန်မြန်ပဲ ဆွဲတင်ပစ်လိုက်တယ်။ ဖုန်းစခရင်ပေါ်မှာ ယောကျ်ား၊ မိန်းမပေါင်းစုံရဲ့ အသည်းကွဲမှတ်တမ်းတွေ၊ ဖီးလ်ပို့စ်တွေ၊ မပေါ့တပေါ်ပုံတွေ၊ ပေါ်ပေါ်ထင်ထင်ပုံတွေဟာ ပလူပျံကုန်တယ်။ ကျွန်တော်ဟာ လူညံ့ပဲ။ မနက်စောစောမှာ ဘာကြောင့် တဏှာပုံတွေကြည့်မိအောင် လိုင်းဖွင့်မိလည်း မသိ။

နောက်တော့ ဖေ့စ်ဘွတ်ပိတ်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့ မထင်မှတ်ဘဲပေါ်လာတဲ့ ပို့စ်တစ်ခုကြောင့် ကျွန်တော့်လက်ဟာ တန့်ခနဲရပ်သွားတယ်။ မျက်ခုံးနှစ်ဖက်ဟာလည်း ဆတ်ခနဲ မြင့်တက်သွားတယ်။

"အသက် (၁၁) နှစ်အရွယ် မိန်းကလေးတစ်ဦးအား အဓမ္မပြုကျင့် သတ်ဖြတ်သွားသော အသက် (၄၇) နှစ်အရွယ် ဦးဘိုးမြိုင်၏ အလောင်းအား စက်ရုံပျက်တစ်ခုအတွင်း ရုပ်ပျက်ဆင်းပျက်တွေ့ရှိ" တဲ့။

ပို့စ်ကို ဖတ်ပြီးတဲ့အခါ ကျွန်တော့်နှလုံးခုန်သံဟာ ပိုမြန်လာ



mgyoe.com SAMPLE BOOK

mgyoe.com SAMPLE BOOK 

ပါတယ်။ အိပ်ရာက ဆတ်ခနဲ ထလိုက်ပေမဲ့ ဘာဆက်လုပ်ရမှန်း မသိ။ ဖုန်းကိုင်ထားတဲ့ လက်ဟာ တဆတ်ဆတ်တုန်နေပြီ။ ဒီပို့စ်မှ ဒီပို့စ် ဟုတ်ပါတယ်။ မနေ့က ကျွန်တော် ဖတ်လိုက်ရတဲ့ ပို့စ်ပဲ။ အခု မုဒိမ်းကောင်က သေပြီတဲ့။ ဘယ်သူ သတ်တာလဲ။ သေတဲ့လူရဲ့ နေရာကလည်း ကျွန်တော်နေတဲ့မြို့နဲ့ မိုင် (၂၀၀) ကျော်လောက် ဝေးမယ် ထင်ပါတယ်။

ဒါဟာ တကယ့်ကို မယုံနိုင်စရာ တိုက်ဆိုင်မှုတွေပဲ။ ကျွန်တော် မုန်းတဲ့ မုဒိမ်းကောင်တွေအကုန်လုံး အသေဆိုးနဲ့ သေနေကြပြီ။ ဘယ်သူ သတ်တာလဲ။ တရားခံ ဘယ်သူလဲ။ အတွေးတွေနဲ့အတူ ကျွန်တော့် ခေါင်းဟာ ဒေါင်ချာစိုင်းနေတော့တယ်။

အပြင်မှာတော့ နေပူကြားမှာ လူတွေ လှုပ်ရှားသွားလာနေသလို ကားတွေဟာလည်း ဒရောသောပါး ပြေးလွှားနေဆဲ။ မြို့ကြီးကလည်း အစားကြူးတဲ့ ဘီလူးတစ်ကောင်လို လူတွေ၊ ကားတွေ၊ တိုက်ကြီးတွေကို မဆံ့မပြဲ ဝါးမျိုထားဆဲ။ ဒီအချိန်ဆို ဘယ်တိရစ္ဆာန်ကောင်တွေ တဏှာကြူးပြီး ဘယ်အပြစ်မဲ့ ကလေးသူငယ်တွေ မြေဇာပင် ဖြစ်နေမလဲ မသိ။ ဒီနိုင်ငံမှာ ကလေးငယ်တွေ မလုံခြုံတော့ဘူး မဟုတ်လား။

* * *

[ ၄ ]

ညနေဘက် ရေချိုးတိုင်း ရေချိုးခန်းထဲမှာ အကြောအခြင် ဆန့်တတ်တာ ကျွန်တော့်အကျင့်။ ဒါမှ တစ်နေ့လုံး အညောင်းမိ၊ ကိုယ်

 mgyoe.com

mgyoe.com SAMPLE BOOK

လက် ကိုက်ခဲထားတာတွေ အနည်းငယ် ပြေလျော့မှာ မဟုတ်လား။ အခုလည်း ရေချိုးခန်းထဲက ၂ ပေ × ၄ ပေ မှန်ချပ်ကြီးရှေ့မှာ ခါးကို ဘယ်ညာတိမ်းပြီး ခါးကြောလျှော့နေမိပါတယ်။ မှန်ထဲက ကျွန်တော့် ပုံရိပ်ကလည်း ကျွန်တော့်လို ခါးကြောလိုက်လျှော့နေပါတယ်။ ခဏ နေတော့ ညာဘက်လက်မောင်းကိုကွေးပြီး ဗလတောင့်ကြည့်လိုက် တယ်။ ဒါပေမဲ့ မှန်ထဲက ကျွန်တော့်ပုံရိပ်ကတော့ ဗလလိုက်မတောင့် တော့ဘူး။ ဗလတောင့်နေတဲ့ ကျွန်တော့်ကိုသာ မှန်ထဲကနေ တွေတွေ ကြီး စိုက်ကြည့်နေလေရဲ့။

ဖြုန်းခနဲဆိုတော့ ကျွန်တော် ကြက်သေသေပြီး၊ ကြောင်အမ်း အမ်း ဖြစ်သွားမိတာအမှန်။ ခဏနေမှ သတိပြန်ဝင်သွားပြီး တစ်ကိုယ် လုံး ကြက်သီးတွေ တဖြန်းဖြန်း ထကုန်ပါတော့တယ်။ ကျွန်တော် ကြည့်နေတုန်းမှာပဲ မှန်ထဲက ကျွန်တော့်ပုံရိပ်ဟာ မှန်ထဲကနေ ဖြည်း ဖြည်းချင်း ထွက်လာပါတော့တယ်။ ပထမ ခြေထောက်တစ်ဖက်၊ အဲ့ဒီ နောက် ခေါင်းနဲ့ကိုယ်လုံး၊ အဲ့ဒီနောက် ကျန်ခြေထောက် တစ်ဖက်။ တဖြည်းဖြည်းနဲ့ မှန်ထဲကနေ လုံးလုံးလျားလျား ထွက်လာပါ တော့တယ်။

"သ... သ... သ... သရဲ..."

ကျွန်တော့်ပါးစပ်ကနေ စကားလုံးတွေဟာ ကြောက်အားလန့် အားနဲ့ ဝရုန်းသုန်းကား ခုန်ပေါက်ပြေးလွှားကုန်တော့တယ်။

"ဟေ့လူ... ကျုပ် သရဲ မဟုတ်ဘူးဗျ"

ကျွန်တော်နဲ့တူတဲ့လူက ကျွန်တော့်ကို စကားပြန်ပြောတော့ ပိုလို့တောင် ကြောင်အမ်းအမ်း ဖြစ်မိသွားပါသေးရဲ့။ နောက်မှ သတိ ပြန်ကပ်ပြီး အဲ့ဒီလူကို မေးလိုက်တယ်။


mgyoe.com

mgyoe.com SAMPLE BOOK 

"ဒါ... ဒါဆို ဘာလဲ"

"ကျုပ်က အမှန်တရား"

အဲ့ဒီလူ့စကားကြားတော့ ကျွန်တော့်မှာ အူတူတူတောင် ဖြစ်သွားရပါရဲ့။

"ဘာပြောတယ်။ အမှန်တရား ဟုတ်လား"

"ဟုတ်တယ်။ ကျုပ်က အမှန်တရား"

ကျွန်တော့်မှာ ဖြောင်းခနဲ မြည်တဲ့အထိ ကိုယ့်ပါးကိုယ် ပြန်ရိုက်ပြီး လှုပ်နှိုးလိုက်ရတယ်။ နောက်တော့မှ အသိတရားတွေက စုပြုံနိုးဆွလာပြီး။

"ဟာဗျာ... မဖြစ်နိုင်တာ"

"ဘာလို့မဖြစ်နိုင်ရမလဲ။ လောကမှာ အားလုံးဖြစ်နိုင်တယ်။ ကျုပ်က တကယ်ပဲ အမှန်တရားဗျ"

ကျွန်တော် အနည်းငယ် တွေးဆမိသွားတာအမှန်။

"ခင်ဗျားက အမှန်တရားဆိုတာ သေချာတယ်ပေါ့။ ကျုပ်တို့နိုင်ငံမှာ အမှန်တရား ပျောက်နေတာ ကြာပြီပဲ"

"မပျောက်ပါဘူးဗျ။ ကျုပ်စိတ်ညစ်လို့ ခဏထွက်သွားတာပါ။ အရင်ကတော့ ကျုပ်က လူတွေရဲ့နှလုံးသားမှာ နေတာပဲ။ နောက်တော့ လူတွေက အကျင့်ပျက်လာတာနဲ့ ကျုပ်လည်း စိတ်ညစ်ပြီး ခြေဦးတည့်ရာ ထွက်သွားရင်း မှန်ထဲမှာပဲ ဝင်နေလိုက်တော့တာ"

သူ့စကားကြားတော့ ကျွန်တော် ခေါင်းတဆတ်ဆတ် ညိတ်ရင်း စဉ်းစားကြည့်မိတယ်။ အမှန်တရားဆိုတဲ့လူ မှန်ထဲမှာ ရှိနေတယ်ဆိုတာ ဖြစ်နိုင်တာပေါ့။ ဒါ့ကြောင့် ကျွန်တော်တို့အားလုံး ကိုယ့်ရုပ်ကိုယ် မှန်နဲ့ပြန်ကြည့်ရင် အမှန်အတိုင်းမြင်နေရတာ မဟုတ်လား။ လူတွေသာ လိမ်ကြတာ။ မှန်ဟာ မလိမ်တတ်ဘူးလေ။ ဒါပေမဲ့

 mgyoe.com

ကျွန်တော် အဲ့ဒီလူကို အပြစ်စကား ဆိုလိုက်မိပြန်တယ်။

"ခင်ဗျားဟာ အမှန်တရားဆိုတာ သေချာရင် ခင်ဗျားကို ကျုပ် အပြစ်တင်ရမှာပဲ။ ခင်ဗျားထွက်သွားလို့ ကျုပ်တို့နိုင်ငံကြီး ဘယ်လောက် အမှောင်ဖုံးခဲ့လဲ ခင်ဗျား သိလား။ ခင်ဗျား မရှိတုန်း ကျုပ်တို့နိုင်ငံမှာ အကုသိုလ်ဂြိုဟ်ဆိုးကောင်တွေ တော်တော် သောင်းကျန်းကုန်ပြီ။ ခင်ဗျား ဘယ်လိုရှင်းမလဲ"

ကျွန်တော့်စကားကြားတော့ အဲ့ဒီလူ ငိုင်ဆင်းသွားတယ်။ ပြီးမှ ခေါင်းပြန်မော့လာပြီး ခပ်တည်တည် ပြန်ပြောတယ်။

"ကျုပ် အဲ့ဒီအကုသိုလ်ကောင်တွေကို တန်ရာတန်ရာ အပြစ်ပေးမှာပါ။ လောလောဆယ် သက်ငယ်မှုဒိမ်းကောင်တွေကို သူတို့နဲ့တန်တဲ့ သေဒဏ် ကျုပ်လိုက်ပေးနေတယ်"

အမှန်ပြောရရင် အဲ့ဒီအချိန်ကျမှ ကျွန်တော် သတိရသွားတယ်။

"ဒါ... ဒါဆို အဲ့ဒီမုဒိမ်းကောင်တွေကို ခင်ဗျားသတ်တာပေါ့"

"ဟုတ်တယ်။ ကျုပ်က မှန်ရှိတဲ့နေရာတိုင်းမှာ နေနိုင်တယ်။ အချုပ်ခန်းထဲကကောင်ကို စီစီတီဗွီမှန်ခွက်ထဲကနေ ထွက်ပြီး သတ်လိုက်တယ်။ နောက်တစ်ယောက်ကိုတော့ စက်ရုံပျက်ထဲက မှန်ကွဲစတွေကနေထွက်လာပြီး သတ်လိုက်တယ်။ ဒီပုံစံအတိုင်း မုဒိမ်းကောင်တွေကို ကျုပ်သတ်ဦးမှာပဲ"

အဲ့ဒီလူရဲ့စကားကြားတော့ ကျွန်တော် အတော် အံ့သြသွားပါတယ်။ ပြီးတော့... သူကပဲ ဆက်ပြောပါသေးတယ်။

"ကျုပ်ရဲ့ရည်ရွယ်ချက်က အမှန်တရားကို လျစ်လျူရှုတဲ့ကောင်တွေကို ပညာပေးဖို့ပဲ။ အဲ့ဒီအတွက် ကျုပ် မှန်ထဲမှာပဲ နေတော့မယ်။ ကျုပ် မှန်ထဲမှာရှိနေတဲ့အတွက် ဘယ်လူယုတ်မာမှ သူတို့မျက်နှာသူတို့ မှန်ထဲမှာ ပြန်မကြည့်ရဲစေရဘူး"

အဲ့ဒီလူဟာ ပြောပြောဆိုဆိုနဲ့ မှန်ထဲကို ဖြည်းဖြည်းချင်း ပြန်

mgyoe.com SAMPLE BOOK 

ဝင်သွားတော့တယ်။ ကျွန်တော့်မှာသာ ဘာဆက်ပြောရမှန်း မသိ၊ ခပ်ကြောင်ကြောင် ကျန်ခဲ့ရတော့တယ်။

ဒါပေသိ... အမှန်တရားဟာ မှန်ထဲမှာ ရှိနေတယ်ဆိုတဲ့ အသိကတော့ နားထဲ စွဲကျန်နေခဲ့တာ အမှန်ပဲ။ ။

❑



mgyoe.com

mgyoe.com SAMPLE BOOK

# ဒါဝင် မှားသည်

တောင်ကုန်းတောင်တန်းတွေ၊ မြေနိမ့်ချိုင့်ဝှမ်းတွေ၊ ကုန်းမြေတွေ၊ ပင်လယ်တွေဟာ အချိန်ကာလပေါ် မူတည်ပြီး ဆင့်ကဲ ပြောင်းလဲလာကြသလို၊ သက်ရှိသတ္တဝါတွေနဲ့ အပင်တွေဟာလည်း အချိန်ကာလပေါ် မူတည်ပြီး ဆင့်ကဲပြောင်းလဲလာကြသတဲ့။ ဒီအကြောင်းတွေကို ချားလ်ဒါဝင်က 'မျိုးစိတ်တို့၏အစ'ဆိုတဲ့ သိပ္ပံတွေ့ရှိချက်စာအုပ်ထဲမှာ အတိအလင်း ဖော်ပြခဲ့ဖူးတယ်။ အထူးသဖြင့်တော့ သူရဲ့ ဆင့်ကဲပြောင်းလဲမှုသီအိုရီထဲမှာ လူဟာ မျောက်ကနေ ဆင်းသက်လာတယ်ဆိုတဲ့ လေ့လာချက်တစ်ခုလည်း ပါခဲ့ဖူးတယ် မဟုတ်လား။

မှန်တယ်၊ မှားတယ် အပထား။ ဒီပုံအတိုင်းဆို လူဆိုတဲ့ သက်ရှိမျိုးစိတ်ဟာ တိရစ္ဆာန်မျိုးစိတ်တစ်ခုကနေ ဆင့်ကဲပြောင်းလဲလာသလို ဖြစ်သွားပြီ။ ဒီအကြောင်းတွေနဲ့ ပတ်သက်ပြီး တက္ကသိုလ်ကျောင်းသားဘဝတုန်းက ကျွန်တော် စဉ်းစားကြည့်ခဲ့ဖူးတယ်။ ပြီးတော့ ခေါင်းတဆတ်ဆတ်ညိတ်ရင်း မကြာခဏဆိုသလို ကိုယ့်မြီးညှောင်းရိုး ကိုယ်ပြန်စမ်းကြည့်မိခဲ့ဖူးပါရဲ့။ ဘယ်အချိန်မှာ မထင်



mgyoe.com